## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လူထုဗဟိုပြု စီမံကိန်း

# လူထုဗဟိုပြုစီမံကိန်း

# သတ်မှတ်အရည်အချင်းနှင့် အကျုံးဝင်သော ပထမနှစ် စီမံကိန်းလုပ်ငန်းခွဲများ

### ကျေးလက်မီးလင်းရေး

နေရောင်ခြည်စွမ်းအင်ပြားနှင့်အားသွင်းရန်နေရာ၊
အသေးစား ရေအားလျှပ်စစ် (< ၃၀ ကီလိုဝပ်)၊ နေရောင်ခြည်စွမ်းအင်သုံး
လမ်းမီးစနစ်၊ ဇီဝဓာတ်ငွေ့ဖြည့်သွင်းရာနေရာ၊
ဒီဇယ်သုံးမီးစက် (< ၂၀ kilovolt-amps)၊ ဇီဝလောင်စာသုံးမီးစက်
(< ၁၅ kilovolt-amps)

### ကျေးလက်ရေပေးဝေမှု စနစ်များ

ရေတွင်းများ၊ မိုးရေလှောင်ကန်များအား ပြန်လည်ပြုပြင်ခြင်း သို့မဟုတ်
အသေးစားတိုးချဲ့ခြင်း၊ ဧရာဝတီမြစ်၏ မြစ်မပေါ် သို့မဟုတ် မေခနှင့် မေလိခ
မြစ်လက်တက်များအပေါ် သို့မဟုတ် မြစ်လက်တက်များ တစ်လျှောက်တွင်
တည်ရှိနေခြင်းမဟုတ်သော သဘာဝမြစ်ချောင်းများ သို့မဟုတ် ရေအရင်းအမြစ်များမှ
အသေးစားရေပိုက်လိုင်းသွယ်တန်းခြင်း။

### ကျေးလက်လမ်းများ

(ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးရွာများနှင့်
မြို့နယ်များကြားရှိ လမ်းများ)
လက်ရှိလျှောက်လမ်းများနှင့် လမ်းများအား
လက်ရှိပုံစံအတိုင်း ပြန်လည်တည်ဆောက်ခြင်း
သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်း၊
တံတားငယ်များနှင့် မြေအောက်မြောင်းပိုက်
လိုင်းများအား ပြန်လည်တည်ဆောက်ခြင်းနှင့်
ပြုပြင်ထိန်းသိမ်းခြင်း။

### ကျောင်းအဆောက်အအုံများ

ကျောင်း၏တည်ရှိဆဲ အဆောက်အအုံအား
ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် အသေးစား
တိုးချဲ့ခြင်း




### ကျေးလက်ကျန်းမာရေးဌာန

(ကျေးလက်ဆေးပေးခန်း)
လက်ရှိအဆောက်အအုံအား
ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် အသေးစား
တိုးချဲ့ခြင်း

### ကျေးရွာ အပန်းဖြေရာနေရာများ

ကလေးထိန်းနေရာများနှင့်
ဆက်သွယ်ရေးဆိုင်ရာနေရာများ
အပါအဝင် လက်ရှိအဆောက်အအုံနေရာများအား
ပြန်လည်ပြုပြင်ခြင်း သို့မဟုတ်
အသေးစားတိုးချဲ့ခြင်း။

### ကျန်းမာသန့်ရှင်းရေး

အများသုံးအိမ်သာများ၊
အသေးစားရေဆိုးသန့်စက်နှင့် အမှိုက်စွန့်ပစ်ရာ
နေရာများကို ပြန်လည်ပြုပြင်ခြင်း၊
အသေးစားတိုးချဲ့ခြင်း သို့မဟုတ် အသစ်
ဆောက်လုပ်ခြင်း။

### ကျေးလက်ဈေး

လက်ရှိဈေးအဆောက်အအုံအား
ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် အသေးစား
တိုးချဲ့ခြင်း

### အသေးစား ရေပေးဝေခြင်း

ပြန်လည်ပြုပြင်ခြင်း (<၂၅ ဟက်တာ)

### ဆိပ်ခံတံတား

လက်ရှိ အများသုံးဆိပ်ခံတံတားကို ပြန်လည်ပြုပြင်ခြင်း
သို့မဟုတ် အသေးစား တိုးချဲ့ခြင်း

# အကျုံးမဝင်သော စီမံကိန်း လုပ်ငန်းခွဲများ

## စီမံကိန်း ဒုတိယနှစ်မှစ၍ အောက်ဖော်ပြပါ လုပ်ငန်းများမှအပ နှစ်သက်ရာ ရွေးချယ်ဆောင်ရွက်နိုင်သည်

၁ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီ (TPIC) က အတည်ပြုထားသည့် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်မှု စီမံချက်တွင် မပါဝင်သော စီမံကိန်းလုပ်ငန်းခွဲများ

၂ ဆင်းရဲနွမ်းပါးသူများ သို့မဟုတ် အပယ်ခံရသောအုပ်စုများနှင့် ထိခိုက်လွယ်သောအုပ်စုများကို ချန်လုပ်ထားသော စီမံကိန်းလုပ်ငန်းခွဲများ

၃ တူညီသောအလုပ်အတွက် အမျိုးသမီးများနှင့် အမျိုးသားများ လုပ်အားခ တူညီစွာပေးချေခြင်းမရှိသော စီမံကိန်း လုပ်ငန်းခွဲများ

၄ ဒေသခံကျေးရွာလူထုကို နေရာပြောင်းရွှေ့ရန်၊ ဖယ်ရှားရန် လိုအပ်သော စီမံကိန်းလုပ်ငန်းခွဲများ

၅ မြေယာသော်လည်းကောင်း၊ ပိုင်ဆိုင်မှုတစ်စုံတစ်ရာသော်လည်းကောင်း ဆုံးရှုံးရခြင်းအတွက် လျော်ကြေးပေးရာတွင် ကမ္ဘာ့ဘဏ်၏ရန်ပုံငွေ သို့မဟုတ် အခြားအစိုးရပိုင်းမှ ရရှိသော ငွေကြေးများမှ ပေးလျော်သော စီမံကိန်း လုပ်ငန်းခွဲများ

၆ ပုဂ္ဂလိကကုန်ပစ္စည်းများ၊ ပုဂ္ဂလိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အစိုးရရုံးများ သို့မဟုတ် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား ငွေကြေးထောက်ပံ့သော စီမံကိန်းလုပ်ငန်းခွဲများ

၇ လိုအပ်သည့်နည်းပညာပိုင်းနှင့် အရည်အသွေးပိုင်းဆိုင်ရာ သတ်မှတ်ချက်များ စံနှုန်းများနှင့် ကိုက်ညီမှုမရှိသော လုပ်ငန်းများ

၈ ပြန်လည်မပြင်ဆင်နိုင်သော သဘာဝပတ်ဝန်းကျင် သို့မဟုတ် လူမှုရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများ ရှိလာနိုင်သော၊ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ဖန်တီးနိုင်သော သို့မဟုတ် ဆိုးကျိုးများအား လျော့ပါးအောင် ထိရောက်စွာ ပြုလုပ်နိုင်ခြင်းမရှိသော [သို့မဟုတ် မြန်မာနိုင်ငံ (EIA) တိုးတက်မှု လုပ်ငန်းစဉ်အရ သဘာဝ ပတ်ဝန်းကျင်၏ ကနဦး အခြေအနေကို အကဲဖြတ်လေ့လာခြင်း (IEE), သဘာဝ ပတ်ဝန်းကျင်အား ရိုက်ခတ်မှုကို ဆန်းစစ်လေ့လာခြင်း (EIA) တို့ ပြုလုပ်ရန် လိုအပ်သော] လုပ်ငန်းများ

၉ အစိုးရ သို့မဟုတ် အခြားဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များက ဘဏ္ဍာငွေထောက်ပံ့လျက်ရှိသော သို့မဟုတ် ထောက်ပံ့ရန် စီစဉ်ထားသောလုပ်ငန်း

၁၀ ဆေးဝါးများ၊ စစ်ဆင်ရေးသုံးပစ္စည်းကိရိယာများ၊ ကျောက်ဂွမ်း သို့မဟုတ် မီးခံကျောက် (၎င်းပါဝင်သော ပစ္စည်းများ)၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ သံကြိုးတပ်လွှများ အပါအဝင် အန္တရာယ်ရှိနိုင်သော ပစ္စည်းများနှင့် ကိရိယာများအား အသုံးပြုခြင်း သို့မဟုတ် ဝယ်ယူခြင်း သို့မဟုတ် ယဉ်ကျေးမှုအရင်းအမြစ်များအပါအဝင် အသက်မွေးဝမ်းကျောင်းမှုနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်နိုင်သော အခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသော စီမံကိန်းလုပ်ငန်းခွဲများ

၁၁ ကလေးသူငယ်တို့အား အဓမ္မအလုပ်စေခိုင်းခြင်း၊ ကလေးအလုပ်သမားအသုံးပြုခြင်း စသည့် အလွဲသုံးစားမှု၊ ကလေးသူငယ်တို့၏လုပ်အား စသည်တို့အား ခေါင်းပုံဖြတ်မှု သို့မဟုတ် လူကုန်ကူးခြင်းတို့ဖြစ်ပွားနိုင်သည့် လုပ်ငန်းများ၊ (၁၅) နှစ်အောက် ကလေးများ ပါဝင်လုပ်ဆောင်နေသော စီမံကိန်းလုပ်ငန်းခွဲများ

၁၂ အဓမ္မလုပ်စေခိုင်းထားသော အလုပ်သမားများကို အသုံးပြုသည့် လုပ်ငန်းများနှင့် ပတ်သက်မှုရှိသော စီမံကိန်း လုပ်ငန်းခွဲများ

၁၃ ဆည်တာတမံများ တည်ဆောက်ပြုပြင်သော လုပ်ငန်းများ

၁၄ ဧရာဝတီမြစ်မကြီးပေါ်တွင် လူထုရေပေးဝေခြင်း၊ အသေးစားဆည်ရေ သွယ်တန်းခြင်း သို့မဟုတ် အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းတို့ကဲ့သို့သော လုပ်ငန်းများအပါအဝင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းလမ်းမှ ရေကို အသုံးပြုမည့် စီမံကိန်းလုပ်ငန်းခွဲများ။ ဧရာဝတီမြစ်၏ မြစ်လက်တက်များဖြစ်သော မေခနှင့် မလိခမြစ်များပေါ် သို့မဟုတ် တလျှောက်တွင် လူထုရေပေးဝေခြင်းနှင့် အသေးစားဆည်ရေသွယ်တန်းခြင်း လုပ်ငန်းများအတွက်လည်း စီမံကိန်းက ငွေကြေးပံ့ပိုးပေးမည်မဟုတ်ပါ။

၁၅ ကာကွယ်စောင့်ရှောက်ထားသော မြေဧရိယာ၊ သစ်တောကြိုးဝိုင်း (သို့မဟုတ် အဆိုပြုထားသော မြေဧရိယာ) သို့မဟုတ် အခြားသဘာဝဇာတိမြေသို့မဟုတ် အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်ထားသောမြေဧရိယာများပေါ်တွင် စီမံခန့်ခွဲမှု အစီအမံများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် သီးသန့် ကြိုတင်စီစဉ်ထားသော ရင်းနှီးမြှုပ်နှံမှုများ မဟုတ်ဘဲ အဆိုပါ သဘာဝဇာတိမြေများ သိသာထင်ရှားသော ပြောင်းလဲမှု (ဆုံးရှုံးမှု) သို့မဟုတ် လျော့ပါးမှုများ ဖြစ်ပေါ်ရန် အလားအလာရှိသည့် အသစ်ဆောက်လုပ်ခြင်းနှင့်/သို့မဟုတ် ပြန်လည်ပြုပြင်ခြင်းရှိသော စီမံကိန်း လုပ်ငန်းခွဲများ။
မှတ်ချက်။ ။ လက်ရှိအခြေခံ အဆောက်အအုံများ (ဥပမာ-ခရီးသွားလုပ်ငန်းကို ရည်ရွယ်သော လက်ရှိလူသွားလမ်း (သို့) လှည်းလမ်းကြောင်း) တို့သည် ယင်းစီမံကိန်း၏ အစီအမံနှင့် ကွဲလွဲမှုမရှိပါက ဆောင်ရွက်နိုင်သည်။ ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အတည်ပြုချက်ကိုလည်း ရယူရမည်။

၁၆။ အဓိကကျသော ဇာတိမြေများ၊ ကာကွယ်ထားသော မြေဧရိယာများ၊ အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်ရန် အဆိုပြုခံထားရသော မြေဧရိယာများ (ဥပမာ သစ်တောကြိုးဝိုင်းများ) တွင် နေရာရွှေ့ပြောင်းခြင်း သို့မဟုတ် ရှိပြီးသား နေရာထိုင်ခင်းများအား တိုးချဲ့ခြင်းတို့ပါဝင်သော စီမံကိန်းလုပ်ငန်းခွဲများ။
မှတ်ချက်။ ။လူနေအိမ်ထောင်စုများရှိပြီးဖြစ်ပါကရန်ပုံငွေအဆိုပြုလွှာသည်ဒေသစည်းကမ်းများ၊လုပ်ထုံးလုပ်နည်းများ၊ မြေယာစီမံခန့်ခွဲမှုများနှင့် အကာအကွယ်ဧရိယာ စီမံခန့်ခွဲမှု စီမံချက်များနှင့်အညီ ဖြစ်စေရမည်။

(စီမံကိန်းလုပ်ငန်းခွဲများအတွက် တည်ဆောက်ရေးလုပ်ငန်းခွင်၊ ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းခွင်နှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသက် (၁၅) နှစ်အောက် ကလေးများ ပါဝင်အလုပ်လုပ်ပိုင်ခွင့် မရှိစေရ။)

“ကျေးလက်လူထု အခြေပြု ဖွံ့ဖြိုးမှုကို တို့ရှေးရှု”